Website: www.shanhumanrights.org

Email: shanhumanrights@gmail.com

Phone: + 66 (0) 93-297-7754

**နိုဝင်ဘာလ ၁၂ ရက် ၂၀၁၅ ခုနှစ်**

**ရှမ်းလူ့အခွင့်ရေးမဏ္ဍိုင်မှ နောက်ဆုံးရသတင်း ထုတ်ပြန်ကြေငြာချက်**

**ရှမ်းပြည်အလယ်ပိုင်း ရွေးကောက်ပွဲနေ့တွင် ဗမာစစ်သားများက လယ်သမား (၂) ယောက်ကို ပစ်ခတ်သဖြင့် အမျိုးသမီးကြီးတစ်ယောက်နှင့် လူငယ်ကျားတစ်ယောက်တို့မှာ စိုးရိမ်စရာထိခိုက် ဒဏ်ရာရ၍။**

နိုဝင်ဘာလ ၈ ရက်နေ့ ၂၀၁၅ ခုနှစ်တွင် မြန်မာနိုင်ငံလုံးဆိုင်ရာ အထွေထွေ ရွေးကောက်ပွဲနေ့တွင် ဗမာစစ်သားများက ရှမ်းပြည်အလယ်ပိုင်း မိုင်းနောင်မြို့ မှ လယ်သမားတစု လယ်ရိတ် သိမ်းပြီး အပြန်တွင် သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ အမျိုးသမီးကြီး အသက် (၅၅) နှစ်တစ်ဦးနှင့် အသက် (၁၅) နှစ်ရှိလူငယ်တဦးကိုထိမှန်၍ ပြင်းထန်စွာဒဏ်ရာရခဲ့သည်။

ထိုနေ့တွင် မိုင်းနောင်မြို့မြောက်ဘက်ရှိ ဝိင်းကောင်ကျေးရွာအုပ်စု ဝမ်မိုက်ဟုန်းခမ်းရွာမှ ရွာသူ၊သား (၃ ရွာသူ၊သား (၃၀) ယောက်တို့သည် ဝိင်းကောင်တွင်အခြေချထားသောဗမာစစ်တ ပ်ထံမှ လယ်ရိတ်သိမ်း ရန်ခွင့်တောင်းခဲ့သည်။ ထိုနယ်မြေတစ်ဝိုက်တွင်တိုက်ခိုက်မှုဖြစ်သဖြင့် ဗမာစစ်တ ဗမာစစ်တပ် ခေါင်းဆောင်မှ လယ်ရိတ်ရန် ခွင့်ပြုခဲ့ပြီးရာ ရွာသားများကို ညပိုင်း (၄) နာရီ နာရီ ပြန်ရန်သတိပေးသည်။

၃ း ၃၀ မိနစ် လောက်ခန့်တွင် လယ်သမားများ မိမိ တို့အိမ်ကိုပြန်ရာလမ်းအ တိုင်းလမ်း လျှောက် က်ခဲ့ရာ ဝိင်းကောင် တွင်ဗမာ စစ်တပ်အခြေချထား သော စစ်တပ်နားကိုဖြ တ်ကျော် လာရာ ဗမာစစ်သား(၂)ယောက်တပ်ဂန်းမှထွက်လာခဲ့ပြီး ထိုထဲမှ တစ်ယောက်သ ည်သူ၏

ရိုင်ဖယ်သေနတ်ဖြင့်ပစ်ခတ်ခဲ့သည်။ ရွာသူနှင့် ရွာသား (၂) ယောက်၊ အသက်၅၅နှစ်ရှိ ပါတင့် နှင့်   စိုင်းခမ်းပန် အသက် ၁၅ နှစ်တို့၏ လည်ပင်းကိုထိမှန်သဖြင့် ဒဏ်ရာပြင်းထန်စွာရခဲ့သည်။

ထိုရွာသားထဲမှ ဒဏ်ရာရသူကို ကူညီရန်ပြေးလွှားနေခိုက် အချို့သော စစ်သားများသည်တပ်ထဲမှထွက်လာပြီး အဲ့ဒီရွာသူ၊ရွာသားအနီးနားတစ်ဝိုက် တွင်ရှမ်းစစ်သားတွေရှိသည်ဟု ဆိုသည်။ ထို့ကြောင့် ရွာသူ၊ရွာသားတို့မှာ ဝမ်မိုက်ဟုန်းခမ်း ရွာသူကြီး တပ်စခန်းနားလာ သည်အထိ စောင့်ပြီး ထိခိုက်ဒဏ်ရာရသူတို့ (၂) ဦးကိုဆေးရုံပို့ပေးရန် ဗမာစစ်သားထံရွာသူကြီးက အသနားခံခဲ့သည်။ ၆ း ၃၀ မိနစ်အချိန်လောက်မှ ထိခိုက်ဒဏ်ရာရသူကို ထော်လာဂျီ ဖြင့် မိုင်နောင်ဆေးရုံကို သွားခွင့်ပြုခဲ့သည်။



*ပါတင့်၏ လည်ပင်းကို သေ သေနတ်ကျည်ဆန်မှန်ပြီး ဒဏ်ရာပြင်းထန်စွာရရှိ*


*လည်ပင်းတွင် သေနတ်ကျည်ဆန်မှန်သူ စိုင်းခမ်းပန် ဒဏ်ရာ ဒဏ်ရာပြင်းထန်စွာရရှိ*


ထိုသို့ဒဏ်ရာပြင်း ထန်စွာရသဖြင့် ဆေးရုံမှ ဆေးဝါးပစ္စည်းမစုံလင်၍ ဒဏ်ရာကိုမကုပေးနိုင်ပဲ မိုင်းနောင်မှ မိုင်(၉၀) ဝေးသည့်လွိုင်လင်ဆေးရုံ သို့ဆက်လျှက်ပို့ခဲ့သည်။ နောက်တစ်ရက်တွင် ဗမာစစ်သားများက ၎င်းဒဏ်ရာရသူများကိုလွိုင်လင်ဆေးရုံမှ (၉၀) မိုင်အကွာရှိ အောင်ပန်း ဆေးရုံသို့ပို့ဆောင်ရန် စီစဉ် ဆောင်ရွက်ခဲ့သည်။

ထိခိုက်ဒဏ်ရာရသူထဲမှ မိသားစု(၅) ယောက်တို့သည် မိုင်နောင်မှ လွိုင်လင်ဆေးရုံသို့လိုက်ပါပို့ဆောင်ကြသည်။ ၎င်းဒဏ်ရာရသူတို့ကို ဗမာစစ်သားများက  အောင်ပန်း သို့ပို့ဆောင်ပေးသော်လည်း လူနာ၏မိသားစုများကို သွားရန်ခွင့်မပြုခဲ့ပေ။ ဗမာစစ်သားများဘက်က ဒဏ်ရာရသူလူနာ ကို တာဝန်ယူ မည်ဟု ၎င်း ၏ မိသားစုများကိုပြောခဲ့သည်။ သို့သော် မိသားစုများ စိုးရိမ် ပူပန်နေကြရသည်။

ပါတင့် သည်မှဆိုးမဖြစ်ပြီး သား (၂) ယောက်ရှိသည်။ စိုင်းခမ်းပန်သည် ရွာထဲမှ လယ်သမား တစ်ဦးဖြစ်ပြီး လုံးအဇေယ နှင့် ပါထွေး၏ သားအငယ်ဆုံးဖြစ်သည်။

ဝိင်းကောင်တွင် အခြေချတပ်စွဲထားသော ဗမာစစ်သား(၁၀၀)သည်ခလရ တပ်ရင်း ၆၆ တို့မှဖြစ် သည်။ထိုစစ်တပ်သည် ရှမ်းပြည်တိုးတက်ရေးပါတီ၊ရှမ်းပြည်တပ်မတော် (SSPP/SSA) တို့ကို အောက်တိုဘာလ ၆ ရက်နေ့ကတည်းက အကြီးမားဆုံးထိုးစစ်ဆင်ခဲ့သည်။အောက်တိုဘာလ ၆ ရက် ၂၀၁၅ ခုနှစ်တွင် လက်နက်ကြီး ဖြင့် ဝိင်းကောင် အခြေချစစ်တပ်စခန်းမှ မွေတော် သို့ ပစ်ခတ်မှု ကြောင့် ဒေသခံ ရွာသား ၁ ဦး ပြေးထွက်ရာမှ ပြင်းထန်စွာထိခိုက်ဒဏ်ရာရခဲ့သည်။

ရွေးကောက်ပွဲနေ့ဖြစ်သော နိုဝင်ဘာလ ၈ ရက်နေ့ ၂၀၁၅ ခုနှစ် တွင် ရှမ်းပြည်နယ်အလယ်ပိုင်းတွင်ဗမာစစ်သားမှလယ်သမားကိုပစ်ခတ်ရာပြမြေပုံ




ဆက်သွယ်ရန်

စိုင်းဟော်ရှဲန် + ၆၆ (၀) ၆၂-၉၄၁-၉၆၀၀ (ရှမ်း | အင်္ဂလိပ်)

စိုင်းခွန်းမိုင် + ၆၆ (၀) ၉၄-၆၃၈-၆၇၅၉ (ဗမာ| အင်္ဂလိပ်)